ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးရုံး

<u>အမိန့်ကြော်ငြာစာ</u>

အမှတ်၊ ၆၉ /၂၀၁၉

၁၃၈၁ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဩဂုတ် လ ၂၃ ရက်)

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ) အရအပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်ကရယူဆောင်ရွက်သည့် ထောက်ပံ့ငွေများ (Grant Aid) နှင့် သက်သာသောချေးငွေ (Concessional Loan) တို့ဖြင့် ဆောင်ရွက်နေသော နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းများအနေဖြင့် ဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်များကို အပြည့်အဝခံစားခွင့်ရရှိနိုင်ရန်နှင့် အခွန်ကင်းလွတ်ခွင့်များရယူရာတွင် ရှင်းလင်းလွယ်ကူစွာ လိုက်နာဆောင်ရွက်နိုင်ရန်အတွက် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန် သတ်မှတ်လိုက်သည်။

၂။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် မူလသို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသော ကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအားလုံးကို အောက်ပါအတိုင်း အခွန်ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) စီမံကိန်းလုပ်ငန်းတွင် လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သောဝန်ထမ်းများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကင်းလွတ်ခွင့်၊

(ခ) စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သောသက်ဆိုင်ရာကုမ္ပဏီများ၏ ဝင်ငွေများအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်၊

(ဂ) စီမံကိန်းလုပ်ငန်းများတွင် အသုံးပြုရန် တင်သွင်းလာသည့် ကုန်စည်များ၊ စက်ပစ္စည်းများ၊ လိုအပ်သောဆက်စပ်ပစ္စည်းများအပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်၊

(ဃ) စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် ကျသင့်မည့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်။

၃။ နိုင်ငံတော်ကရယူသည့် သက်သာသောချေးငွေ(Concessional Loan)ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် ကန်ထရိုက်တာများအဖြစ် ပါဝင်ဆောင်ရွက်နေသောကုမ္ပဏီများ၊ အကြံပေးများ၊ ဝန်ဆောင်မှုဆောင်ရွက်သူများအားလုံးကို-

(က) အောက်ပါဝင်ငွေခွန်များကိုကင်းလွတ်ခွင့်ပြုလိုက်သည်-

(၁) နိုင်ငံတော်ကရယူသည့် ချေးငွေအတွက် အတိုးပေးငွေအပေါ် ဝင်ငွေခွန်၊

(၂) စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်သောတစ်ဆင့်ခံကန်ထရိုက်တာများမဟုတ်သည့် မူလကန်ထရိုက်တာများ(Main Contractors)က ဆောင်ရွက်သည့် ကုမ္ပဏီများ၏ ဝင်ငွေများအပေါ် ဝင်ငွေခွန်။

(ခ) သက်သာသောချေးငွေရယူခြင်းဆိုင်ရာသဘောတူစာချုပ်တွင် ဖော်ပြပြီးစီမံကိန်းလုပ်ငန်း၌ လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သောဝန်ထမ်းများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန် ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄။ နိုင်ငံတော်ကရယူသည့် သက်သာသောချေးငွေ(Concessional Loan)ဖြင့် ဖော်ဆောင်သည့် စီမံကိန်းလုပ်ငန်းများတွင် ကုန်သွယ်လုပ်ငန်းခွန်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအနေဖြင့် မိမိတို့ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းများအတွက် ကျသင့်သောကုန်သွယ်လုပ်ငန်းခွန်ပမာဏကိုဘတ်ဂျက်တွင် ကြိုတင်လျာထားတောင်းခံ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရမည်။

၅။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ(Grant Aid)သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan) ဖြင့် ဆောင်ရွက်သောစီမံကိန်းလုပ်ငန်းများသည် အခွန်ကင်းလွတ်ခွင့်ရယူရာတွင် စနစ်တကျဖြစ်စေရေးအတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ **"သက်သေခံလက်မှတ်"** ရရှိစေရန် ကိစ္စရပ်တစ်ခုချင်းအလိုက် **"သတ်မှတ်ထားသည့်အထောက်အထားများ"**နှင့် အတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်တွင်းအခွန်များဦးစီးဌာနသို့ လျှောက်ထားရမည်။

၆။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ(Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan)ဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများတွင် လုပ်ကိုင်ကြသည့် မြန်မာနိုင်ငံသားမှအပဖြစ်သောဝန်ထမ်းများ၏ လစာဝင်ငွေခွန်ကင်းလွတ်ခွင့်အတွက် သက်ဆိုင်ရာကုမ္ပဏီက **"သက်သေခံလက်မှတ်"** လျှောက်ထားရာတွင် အောက်ဖော်ပြပါ အထောက်အထားများကိုတင်ပြရမည်-

(က) စီမံကိန်းတွင်ဆောင်ရွက်သောဝန်ထမ်းဖြစ်ကြောင်းမူလသို့မဟုတ် တစ်ဆင့်ခံကုမ္ပဏီ၏ တင်ပြစာ၊ (ယင်းတင်ပြစာနှင့်အတူကုမ္ပဏီသည် မူလကုမ္ပဏီ ဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ထောက်ခံစာ၊ တစ်ဆင့်ခံကုမ္ပဏီဖြစ်ပါက မူလကုမ္ပဏီ၏ ထောက်ခံစာနှင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ထောက်ခံစာပူးတွဲ၍ တင်ပြရန်၊)

(ခ) စီမံကိန်းသည် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan)ဖြင့်ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်းမူလကုမ္ပဏီ၏ တင်ပြစာ၊

(ဂ) စီမံကိန်းသည် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ (Concessional Loan)ဖြင့်ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်းသက်ဆိုင်ရာဝန်ကြီးဌာန၏ထောက်ခံချက်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ထောက်ခံချက်။

၇။ နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ(Grant Aid)ဖြင့် ဆောင်ရွက်သည့် မူလကန်ထရိုက်တာများနှင့် တစ်ဆင့်ခံကန်ထရိုက်တာများ၊ သက်သာသောချေးငွေ(Concessional Loan)ဖြင့် ဆောင်ရွက်သည့် မူလကန်ထရိုက်တာများသည် မိမိတို့ဆောင်ရွက်နေသည့်လုပ်ငန်း၏ အခွန်ကင်းလွတ်ခွင့်အတွက် "သက်သေခံလက်မှတ်"လျှောက်ထားရာတွင် အောက်ဖော်ပြပါ အထောက်အထားများကိုတင်ပြရမည်-

(က) မိမိဆောင်ရွက်သည့် လုပ်ငန်းသည် "နိုင်ငံတော်ကရယူဆောင်ရွက်သည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ(Concessional Loan)ဖြင့်ဆောင်ရွက်သည့် စီမံကိန်း" ဖြစ်ကြောင်း -

(၁) သက်ဆိုင်ရာကုမ္ပဏီ၏ တင်ပြစာ၊

(၂) သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်၊

(၃) သက်ဆိုင်ရာဝန်ကြီးဌာန၏ ထောက်ခံချက်အရစီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ရယူထားသည့် ထောက်ပံ့ငွေအတွက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန သို့မဟုတ် ချေးငွေအတွက် ငွေတိုက်ဦးစီးဌာန၏ ထောက်ခံချက်၊

(ခ) မူလကန်ထရိုက်တာဖြစ်ပါကသက်ဆိုင်ရာဌာနနှင့် ချုပ်ဆိုထားသည့် လုပ်ငန်းသဘောတူစာချုပ်၊

(ဂ) တစ်ဆင့်ခံကန်ထရိုက်တာဖြစ်ပါက မူလကုမ္ပဏီနှင့် ချုပ်ဆိုထားသည့်စာချုပ်နှင့် မူလကုမ္ပဏီ၏ ထောက်ခံချက်၊

(ဃ) သွင်းကုန်ပါမစ်နှင့် အကောက်ခွန်ကင်းလွတ်ခွင့်အတွက် အကောက်ခွန်ဦးစီးဌာန၏ သဘောထားမှတ်ချက်၊

(င) ယာဉ်၊ ယန္တရားနှင့် စက်ပစ္စည်းများဝယ်ယူခြင်းအတွက် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (Development Assistant Coordination Unit-DACU) ၏ သဘောတူညီချက်။

၈။ ဆောင်ရွက်သည့်စီမံကိန်းသည် နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) နှင့် သက်သာသောချေးငွေ(Concessional Loan)နှစ်ရပ်စလုံးဖြင့် ဆောင်ရွက်သည့်စီမံကိန်းဖြစ်ပါက သက်သာသောချေးငွေ(Concessional Loan)ဖြင့်ဆောင်ရွက်သည့် စီမံကိန်းကဲ့သို့ သတ်မှတ်၍ ဆောင်ရွက်ရန်ဖြစ်ပြီးသက်သာသောချေးငွေ(Concessional Loan)ဖြင့် ဆောင်ရွက်ရာတွင် ရရှိသည့် ကင်းလွတ်ခွင့်များကိုသာ ခံစားရရှိမည်ဖြစ်ပါသည်။

၉။ သို့ရာတွင် နိုင်ငံတော်ကရယူသည့် ထောက်ပံ့ငွေ (Grant Aid) သို့မဟုတ် သက်သာသောချေးငွေ(Concessional Loan)ဖြင့် ဆောင်ရွက်သည့် စီမံကိန်းများမဟုတ်ဘဲ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများကဆောင်ရွက်နေသည့် စီမံကိန်းများသို့မဟုတ် အဆိုပါ အဖွဲ့အစည်းများ၏ အကူအညီဖြင့် ကုမ္ပဏီများက ဆောင်ရွက်နေသည့် အစီအစဉ်များသည် ဤအမိန့်ကြော်ငြာစာနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၁၀။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၁-၅-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၈/၂၀၁၈ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

၁၁။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

စိုးဝင်း

ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ စဘ/ ဘဏ္ဍာ-၂/ ၁/ ၂၉၅ (၃၅၈၅ /၂၀၁၉)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဩဂုတ် လ ၂၃ ရက်

ဖြန့်ဝေခြင်း -

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ရုံးများအားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

မြန်မာနိုင်ငံစာရင်းကောင်စီ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိ ဌာနအဖွဲ့အစည်းများအားလုံး

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနသို့ မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။

ရုံးဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

အမိန့်အရ

23/8/2019

(ထွန်းထွန်းနိုင်)

အမြဲတမ်းအတွင်းဝန်